ဘာသာပြန်ဆိုချက် ၂၀၂၁



KNOWLEDGE TRANSFER

EAST-WEST SEED FOUNDATION

## သီးနှံစိုက်ပျိုးမှုလမ်းညွှန်

# ဗိုလ်စားပဲ



MYANMAR

## ● မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း

» စိုက်ဘောင်ကြားရှိမြောင်းငယ်သည် ရေသွင်းရေထုတ်လွယ်ကူစေရန် ထောက်ပံ့ကူညီပေးသည်။
» ပေါင်းမြက်များရှင်သန်ကြီးထွားမှုလျှော့ချရန်နှင့် အစိုဓာတ်ကိုထိန်းသိမ်းရန် ပလပ်စတစ် (သို့) သဘာဝဖြစ်သော ကောက်ရိုး အစရှိသည့် ပစ္စည်းများကို လည်းဖုံးအုပ်စိုက်ပျိုးနိုင်ပါသည်။
» ရွှေ့မစိုက်မီ နွယ်တက်ရန် စင်ဆောက်လုပ်ထားသင့်သည်။
» တစ်ဧကအပင်ဦးရေ - ၁၀၇၀၀ (အသုံးပြုသောမျိုးနှင့် ရာသီဥတုပေါ် မူတည်၍ အပင်အရေအတွက်ကို ချိန်ညှိလုပ်ဆောင်ပါ)



## ● စိုက်ပျိုးခြင်း



» တစ်ကျင်းလျှင် မျိုးစေ့နှစ်စေ့စိုက်ပြီး အပင် ၄ လက်မအရွယ်သို့ ရောက်သောအခါ တစ်ပင်ကို မှုန်း(နုတ်)လိုက်ပါ။




## ● မြေသြဇာ အသုံးပြုခြင်း




မြေသြဇာပမာဏသည် သီးနှံပင်၏သင့်တော်သောအာဟာရလိုအပ်မှုနှင့် တစ်ဧက အပင်ဦးရေ ၁၀၇၀၀ ပင် ပေါ်တွင် အခြေခံထားသည်။ မြေသြဇာကျွေးရာတွင် သီးနှံပင်ကြီးထွား မှုအဆင့်၊ မြေဆီလွှာအခြေအနေနှင့် ရာသီဥတုပေါ်မူတည်၍ ချိန်ညှိဆောင်ရွက်ပါ။

## ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှု



» အင်းဆက်ပိုးမွှားများကျရောက်မှုကို စစ်ဆေးထောက်လှမ်းရန်နှင့် အစုလိုက်အပုံလိုက်ဖမ်းရန် စေးကပ် ထောင်ချောက်များအသုံးပြုပါ။





ရောဂါပျံ့ပွားခြင်းမှကာကွယ်ရန် ကွင်းထဲရှိရောဂါရှိသောအပင်များ၊ သီးနှံပင်ဟောင်းများနှင့် ပေါင်းမြက်များ ကိုဖယ်ရှား၍ဖျက်ဆီးပါ။



သီးလှည့်စိုက်ပျိုးခြင်းအားဖြင့် ရောဂါပိုးမွှားများစုပုံကျရောက်ခြင်းကို တားဆီးရုံမက မြေဆီသြဇာကိုလည်း ထက်သန်စေသည်။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း

» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။

» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။(သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)

## ကျရောက်နိုင်သော ပိုးမွှားများ


လှေး


ပျ


ယင်ဖြူ


ရွက်ထွင်းပိုး


သီးတောင့်ထိုးပိုး

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | လှေး | ပျ | ယင်ဖြူ | ရွက်ထွင်းပိုး | သီးတောင့်ထိုးပိုး |
|---|---|---|---|---|---|---|---|
| လမ်ဒါဆိုင်ပေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ | ✔ | ✔ | ✔ |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | ✔ | ✔ | ✔ | |
| စပိုင်နိုစက် (Spinosad) | 5 | S | | | | ✔ | ✔ |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | | | ✔ | ✔ |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | ✔ | | | ✔ | ✔ |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | ✔ | ✔ | ✔ | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | | | | ✔ |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | | | | ✔ |
| ဘက်စီးလပ် သူရီဂျီအန်းစစ် (Bacillus thuringiensis) | 11A | C | | | | | ✔ |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | ✔ | ✔ | ✔ | ✔ | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမှုဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ


ရွက်ပြောက်ရောဂါ


ဖားဥမှိုရောဂါ


သံချေးရောဂါ


အဝါရောင်မိုစိတ်ဗိုင်းရပ်ရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | မှတ်ချက် | ရွက်ပြောက်ရောဂါ | ဖားဥမှိုရောဂါ | သံချေးရောဂါ | အဝါရောင်မိုစိတ်ဗိုင်းရပ်ရောဂါ |
|---|---|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | | ✔ | ✔ | ✔ | ရောဂါကင်းသောပျိုးပင်များ(သို့) ခံနိုင်ရည်ရှိသောမျိုးများကို အသုံးပြုပါ။ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ✔ | ✔ | ✔ | |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | ✔ | ✔ | ✔ | |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | ✔ | ✔ | ✔ | ယင်ဖြူကို ကောင်းမွန်စွာ စီမံခန့်ခွဲပါ။ |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | ✔ | ✔ | | |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမှုဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

1

အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

2

ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

3

ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

4

ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

EAST-WEST SEED
FOUNDATION

**KNOWLEDGE TRANSFER**

***https://growhow.eastwestseed.com***

*East West Seed Foundation* ၏ ၂၀၂၁ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးစာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN
UNIVERSITY & RESEARCH